myantrade

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

August 13, 2019 — Volume 22, Number 8


**၁၃.၈.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၁၉ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၃၀၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၁/ကျပ် |
| CBM Rate | = ၁၅၁၀.၈/ကျပ် |
| ယူရို တစ်ယူရို | = ၁၆၉၀.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၈၈.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၂၃.၄ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၃၅.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၂၁.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၃.၇၉ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၂၀၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၄၃.၅၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၀.၁၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၀၁၂ ကျပ် |

Source: CBM Rate, etrademyanmar.com

## ဘဏ္ဍာနှစ် ၁၀ လကျော်အတွင်း ပြည်ပသို့ ဓာတ်ငွေ့တင်ပို့မှုမှ ဒေါ်လာ သုံးဘီလီယံခန့်ရရှိ



နိုင်ငံတကာဈေးနှုန်းမြင့်တက်လာခြင်းကြောင့် ပြည်ပသို့ သဘာဝဓာတ်ငွေ့တင်ပို့မှုမှ လက်ရှိဘဏ္ဍာနှစ် ၁၀ လကျော်အတွင်း ကန်ဒေါ်လာ သုံးဘီလီယံဖိုး တင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကပြောသည်။ မြန်မာနိုင်ငံ၏ နိုင်ငံခြားပို့ကုန်စုစုပေါင်းပမာဏ ဒေါ်လာ ၁၄ ဘီလီယံကျော်တွင် သဘာဝဓာတ်ငွေ့ကဏ္ဍ ပြည်ပတင်ပို့မှု ၂၀ ရာခိုင်နှုန်းကျော်ပါဝင်သည်။ ထိုင်းနိုင်ငံသို့ သဘာဂဓာတ်ငွေ့တင်ပို့မှုမှ ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံကျော်ရရှိပြီး တရုတ်နိုင်ငံသို့ ဓာတ်ငွေ့ရောင်းချမှုမှ ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံခန့် ရရှိထားသည်။ ဝင်ငွေတိုးတာကဈေးတက်လာလို့ပါဟု ၎င်းကရှင်းပြသည်။ ပြီးခဲ့သည့်နှစ်က နိုင်ငံတကာ ရေနံနှင့်သဘာဝဓာတ်ငွေ့ဈေးလျော့နည်းမှုကြောင့် ပို့ကုန်ဝင်ငွေအနည်းငယ်လျော့နည်းသော်လည်း ၂၀၁၈ အောက်တို ဘာ ၁ ရက်က စတင်သည့် ဘဏ္ဍာနှစ်တွင် ဈေး နှုန်းပိုရနေသည်ဟု၎င်းကဆိုသည်။

ထိုသို့ပြန်ပတင်ပို့မှုမှ ဝင်ငွေတိုးတက်မှုရှိသော်လည်း မြန်မာနိုင်ငံရှိ ကမ်းလွန်သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေး စီမံကိန်းလေးခုအနက် ရတနာနှင့်ရဲတံခွန်စီမံကိန်းသည် သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုအကျဘက်သို့ဦးတည်နေပြီး မကြာမီနှစ်များအတွင်း စီမံကိန်းရပ်ဆိုင်းမည်ဖြစ်ကြောင်း၂၀၁၉-၂၀ပြည်ထောင်စု ၏ ဘဏ္ဍာငွေ ရသုံးမှန်းခြေအဆိုပြုချက်စာရင်း၌ဖော်ပြထားသည်။

မြန်မာ့ကမ်းလွန်တွင် ရွှေ၊ ရတနာ၊ ရဲတံခွန်နှင့်ဇောတိကဟူ၍ စီမံကိန်းလေးခုရှိပြီး အဆိုပါစီမံကိန်းများမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် သဘာဝဓာတ်ငွေ့ကုဗပေသန်း ၆၃၀၀၀၀ ခန့်ထုတ်လုပ်မည်ဟု အဆိုပါစာရင်း၌ဖော်ပြထားသည်။ ထိုပမာဏသည် ၂၀၁၈-၁၉ ဘဏ္ဍာနှစ်ထက် ကုဗပေသန်း ၂၅၀၀၀ ကျော်လျော့နည်းသည့် ပမာဏဖြစ်သည်ဟု အထက်ပါစာရင်းတွင်ဖော်ပြထားသည်။

**Source:** http://www.7daydaily.com/story/163452


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

## ရွှေဈေးပြန်ကျလာသော်လည်း အရောင်းအဝယ်အေးဆဲ



ပြည်တွင်းအခေါက်ရွှေဈေးသည် ဩဂုတ် ၁၂ ရက်တွင် ကျပ် ၁၂၁၃၀၀၀ ပေါက်ဈေးရှိသည်။ ကမ္ဘာ့ရွှေဈေးပြန်လည် ကျဆင်းလာခြင်းကြောင့် ပြည်တွင်းရွှေဈေးကျဆင်းသော်လည်း ဈေးနှုန်းမတည်ငြိမ်မှုကြောင့် ရွှေအရောင်းအဝယ် အနည်းငယ်သာရှိသည်ဟု ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က ပြောသည်။

ပြည်တွင်းရွှေဈေးသည် အခေါက်ရွှေ တစ်ကျပ်သားလျှင် ဩဂုတ် ၉ ရက်တွင် ကျပ် ၁၂၂၂၀၀၀ အထိ အမြင့်ဆုံး မြင့်တက်ပြီးနောက် ဩဂုတ် ၁၂ ရက်တွင် ၁၂၁၃၀၀၀ ပြန်လည် ကျဆင်းခဲ့သည်။ အဓိကရွှေဈေးတက်တာ ကမ္ဘာ့ရွှေဈေးကြောင့်ပါ။ ကမ္ဘာ့ဈေးကျတော့ပြန်ကျတာပါ။ အရောင်းအဝယ်ကတော့ သိပ်မရှိပါဘူး။ ဈေးနှုန်းမတည်ငြိမ်တော့ ရောင်းသူသိပ်မရှိဘူးဟု ၎င်းက ဆက်လက်ပြောသည်။

ရွှေဈေးအမြင့်ဆုံးနှုန်းသို့ ရောက်ရှိလာခြင်းကြောင့် ရွှေလုပ်ငန်းရှင်အသင်းက စည်းကမ်းချက်အချို့ကို ကန့်သတ်ခဲ့သည်။ ကန့်သတ်ရာတွင် ရွှေအရောင်းအဝယ်စာရင်းများကို ချက်ချင်းရှင်းလင်းရန်၊ ရွှေဈေးကွက်အတွင်း ရောင်းချရန်သတ်မှတ်ထားသည့်ပမာဏအတိုင်းသာ ရောင်းဝယ်ရန်နှင့် ကမ္ဘာ့ပေါက်ဈေးထက် ကျပ်နှစ်သောင်းခွာရောင်းရန် ကန့်သတ်ခဲ့သည်ဟု ဦးမျိုးမြင့်ကဆိုသည်။ ထိုကန့်သတ်ချက်ကြောင့် ရွှေဈေးကွက်ကိုထိန်းနိုင်ခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။ ရွှေဈေးကွက်အတွင်း သတ်မှတ်ထားသည့်အတိုင်း ရောင်းချရန်ဆိုသည်မှာ သက်ဆိုင်ရာရွှေလုပ်ငန်းရှင်များက အသင်းသို့ရောင်းချရန်ပေးပို့လာသည့်ပမာဏအတိုင်း ဈေးကွက်အတွင်းရောင်းရမည်ဖြစ်သည်။ ထိုပမာဏထက် ပိုမိုသည့် အရောင်းအဝယ်မလုပ်ရန် ကန့်သတ်ခြင်းဖြစ်သည်။ ကမ္ဘာ့ဈေးကျတော့လိုက်ကျတယ်။ ဈေးကွက်မှာတော့ အရောင်းအဝယ်မဖြစ်ပါဘူးဟု ဝိန့်စိန်ရွှေဆိုင် ဒါရိုက်တာ ဦးအောင်ကောင်းမြတ်ကပြောသည်။ ကမ္ဘာ့ရွှေဈေးသည် ဩဂုတ် ၉ ရက်တွင် တစ်အောင်စ ၁၅၁၀ ဒေါ်လာရှိရာမှ ဩဂုတ် ၁၂ ရက်တွင် တစ်အောင်စ ဒေါ်လာ ၁၄၉၈ အထိ ပြန်လည်ကျဆင်းခဲ့သည်။

**Source:** http://www.7daydaily.com/story/163526

## အိန္ဒိယကုန်သည်များ ဈေးကစားခြင်းကြောင့် မတ်ပဲနှင့်ပဲစင်းငုံ ၁၀ ရာခိုင်နှုန်းခန့်ကျဆင်း

အိန္ဒိယအစိုးရ၏ သွင်းကုန်မူဝါဒပေါ်မူတည်၍ ကုန်သည်များ၏ဈေးကစားမှုကြောင့် နှစ်ပတ်အတွင်း ပြည်တွင်းဈေးကွက်၌ မတ်ပဲနှင့်ပဲစင်းငုံဈေးနှုန်း ၁၀ ရာခိုင်နှုန်းခန့်ကျဆင်းခဲ့သည်။ အိန္ဒိယနိုင်ငံက ဈေးထိန်းပြီး အဝယ်လျှော့ချိန်တွင် ပြည်တွင်းရောင်းလိုအားများနေသဖြင့် ဈေးကျဆင်းခြင်း ဖြစ်ကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်အသင်း အတွင်းရေးမှူး ဦးမင်းကိုဦးက ပြောသည်။ ဇူလိုင်အတွင်း အိန္ဒိယကုန်သည်များက မတ်ပဲတစ်တန်လျှင် အမေရိကန်ဒေါ် လာ ၅၅၀ ခန့်ဖြင့် ဈေးရခဲ့သော် လည်း ဩဂုတ် ၁၀ ရက်၌ တစ်တန်လျှင် ဒေါ်လာ ၄၉၀ ထိ ကျဆင်းခြင်းဖြစ်သည်။ ထို့အတူ ပဲစင်းငုံဈေးသည် တစ်တန်လျှင် ဒေါ်လာ ၆၈၀ မှ ၆၂၀ သို့ ကျဆင်းနေသည်။ဆောင်းရာသီ သီးနှံအဖြစ် ဧရာဝတီတိုင်း လယ်မြေအများစု၊ ပဲခူးတိုင်းဒေသအချို့တွင် စိုက်ပျိုးသည့် မတ်ပဲနှင့် မြန်မာနိုင်ငံအလယ်ပိုင်းတွင် မိုးသီးနှံအဖြစ်စိုက်ပျိုးသည့် ပဲစင်းငုံတို့၏ အဓိကဈေးကွက်သည် အိန္ဒိယနိုင်ငံဖြစ်နေသည်။

ထို့ကြောင့် အိန္ဒိယကုန်သည်များက ဝယ်ယူမှုနှင့်ဈေးနှုန်းကို အပြောင်းအလဲပြုလုပ်လေ့ရှိပြီး အိန္ဒိယအစိုးရ၏ ပဲတင်သွင်းမှုမူဝါဒအပြောင်းအလဲရှိလျှင် မြန်မာ့မတ်ပဲနှင့်ပဲစင်းငုံဈေးနှုန်း ပိုမိုလှုပ်ခတ်လေ့ရှိကြောင်း ပဲ၊ နှမ်းကုန်သည်အသင်း တာဝန်ရှိသူက ပြောသည်။ အခုအခြေအနေက မြန်မာနိုင်ငံက ရောင်းလိုသူကများနေတယ်ဟု ဦးမင်းကိုဦးကပြောသည်။ ရာသီဥတုကြောင့် မတ်ပဲနှင့်ပဲစင်းငုံလိုအပ်ချက် အိန္ဒိယတွင်ရှိသော်လည်း သွင်းကုန်မူဝါဒကိုထိန်းချုပ်ပြီး လိုသလို အပြောင်းအလဲပြုလုပ်ခြင်းကြောင့် အနာဂတ်ဈေးကွက်အခြေအနေကို မြန်မာဘက်က ခန့်မှန်းရန်ခက်နေကြောင်း ၎င်းက ဆိုသည်။ လက်ရှိတွင် အိန္ဒိယအစိုးရက မတ်ပဲတန်ချိန် တစ်သိန်းခွဲ၊ ပဲစင်းငုံတန်ချိန်လေးသိန်းတင်သွင်းခွင့်ပြုထားပြီး ကုမ္ပဏီတစ်ထောင်ကျော်သို့ သွင်းကုန်လိုင်စင်များ ပေးထားသည်။ သို့သော် ကုမ္ပဏီတစ်ခုလျှင် မတ်ပဲနှင့် စင်းငုံနှစ်ခုပေါင်း တန်ချိန် ၃၀၀ ခန့်သာ တင်သွင်းခွင့်ရရှိထားခြင်းကြောင့် အိန္ဒိယကုမ္ပဏီများက အဝယ်ကိုထိန်းသဖြင့် မြန်မာပြည်တွင်းဈေးလည်း ကျဆင်းလာခြင်းဖြစ်သည်။ ပြည်တွင်းဈေးကွက်၌ မတ်ပဲတစ်တန်လျှင် ကျပ်ရှစ်သိန်းခြောက်သောင်းမှ ခုနစ်သိန်းခုနစ်သောင်း၊ ပဲစင်းငုံတစ်တန်လျှင် ကျပ် ၁၀ သိန်းခန့်မှ ကိုးသိန်းနှစ်သောင်းသို့ ကျဆင်းနေခြင်းဖြစ်သည်။ အိန္ဒိယအစိုးရက

ပဲတင်သွင်းခွင့်မူဂါဒကို ပါးနပ်စွာကိုင်တွယ်ကစားနေခြင်းကြောင့် ပြည်တွင်းပဲကုန်သည်များ အခက်အခဲတွေ့ရသည်ဟု တောင်တွင်းကြီးမြို့နယ်မှ ကုန်သည် ဦးပြုံးကပြောသည်။

**Source:** http://www.7daydaily.com/story/163471

## မင်းဘူး၌ ကညွတ်စိုက်ပျိုးခြင်းဖြင့် တစ်နှစ်ဝင်ငွေ ကျပ် ၁၀ သိန်းခန့်ရရှိ၊ မိသားစုစားဝတ်နေရေးအဆင်ပြေ



မင်းဘူးမြို့နယ် ကျောက်တန်းကျေးရွာအုပ်စု ရေမျက်ကျေးရွာတွင် ကညွတ်တစ်ကေခွဲစိုက်ပျိုးထားရာမှ တစ်နှစ်ဝင်ငွေကျပ် ၁၀ သိန်းခန့်ရရှိကာ မိသားစုစားဝတ်နေရေးကို တစ်ဖက်တစ်လမ်းမှ အဆင်ပြေစေကြောင်း ကညွတ်စိုက်တောင်သူများထံမှသိရသည်။ ကညွတ်ကို ၂၀၁၄ ခုနှစ်မှ စတင်စိုက်ပျိုးခဲ့ပြီး လက်ရှိတစ်ပိဿာကျပ် ၅၀၀၀ မှ ၆၀၀၀ အထိ ဖောက်သည်ဈေးဖြင့်ရောင်းရကြောင်း၊ တစ်ကေခွဲစိုက်ခင်းထဲမှ တစ်ရက်ခြား တစ်ခါ ခူးဆွတ်ရောင်းချလျက်ရှိရာ တစ်ပတ်လျှင် ၁၀ ပိဿာကျော် ထွက်ရှိသည်။

ကညွတ်က စစိုက်ပြီး ခြောက်လလောက်ကြာရင် ကညွတ်အစို့တွေ နုတ်ပြီး ရောင်းချလို့ရတယ်။ မြေဆွခြင်း၊ ပေါင်းသင်ခြင်းလုပ်ငန်းကိုတော့ မကြာမကြာပြုလုပ်ပေးရပါတယ်။ ကညွတ်ရိုးကို ဖြူအောင်ပြုလုပ်ရာမှာ ဥတက်တွေအပေါ် အညှောင့်တွေမထွက်မီ ထယ်ထိုးပြီးမြေဖို့ထားရမယ်။ သက်နုကညွတ်ပင်တွေ သုံးနှစ်သားအရွယ်မှာ အစို့ကို နှစ်ကြိမ်၊ သုံး ကြိမ်ခန့်သာ ဖြတ်ယူသင့်တယ်။ သုံးနှစ်သားကျော်ရင် တစ်နှစ်အတွင်း ငါးကြိမ်အထိ ဖြတ်ယူနိုင်ပါတယ်။ စိုက်ပျိုးခဲ့သမျှတွေထဲမှာတော့ ကညွတ်က အကျိုးအမြတ်အများဆုံးသီးနှံဖြစ်ပါတယ်ဟု မင်းဘူးမြို့နယ် ရေမျက်ကျေးရွာနေ ကညွတ်စိုက်တောင်သူ ဦးဝင်းသောင်းကပြောဆိုသည်။ ကညွတ်ကို မျိုးစေ့မှ အပင်ပျိုးထောင်ပါက တစ်နှစ်ခန့်ပျိုးထောင်ရကြောင်း၊ အစေ့မှအပင်ပေါက်ရန် နှစ်ပတ်မှခြောက်ပတ်အထိကြာမြင့်သဖြင့် အပူချိန် ၃၀ ဒီဂရီ စင်တီဂရိတ်ရှိသောရေတွင် လေးမိနစ်ခန့်စိမ်ပြီး စိုက်ပျိုးခြင်းဖြင့် ငါးရက်အတွင်းအပင်ပေါက်ကြောင်း၊ ပျိုးခင်းပေါင်များကို နှစ်ပေကွာပြုလုပ်ပြီး ပေါင်ပေါ်၌ မျိုးစေ့ကို သုံးလက်မကွာပျိုးသင့်ကြောင်း ၎င်းက ရှင်းလင်းပြောဆိုသည်။

မင်းဘူးမြို့နယ်အတွင်းရှိ ရေမျက်ကျေးရွာသည် ဆားပွတ်ချောင်းနံဘေးတွင် တည်ရှိပြီး ချောင်းပြင်ကိုင်းမြေတွင် ရာသီပေါ်သီးနှံပင်များ စိုက်ပျိုးကြသကဲ့သို့ ကုန်းမြေနေရာများ၌ နှမ်း၊ နေကြာ၊ ပဲအမျိုးမျိုးစိုက်ပျိုးကြသည်။ ထို့အပြင် မြေအောက်ရေ တူးဖော် ကာ ခရမ်းချဉ်၊ ကြက်သွန်၊ ငှက်ပျောနှင့် ကညွတ်သီးနှံများကိုလည်း စိုက်ပျိုး လုပ်ကိုင်ကြသည်။ ကျွန်တော်လည်း ကညွတ်တစ်ကေလောက် စိုက်ပျိုးထားပါတယ်။ တစ်ကြိမ်စိုက်ထားပြီး ငါးနှစ်၊ ခြောက်နှစ်လောက် ခူးဆွတ်ရောင်းချလို့ရတဲ့သီးနှံလည်းဖြစ်တယ်။ မင်းဘူးနဲ့မကွေးကို တင်ပို့ရောင်းချသလို စူပါမားကတ်တွေကလည်း မှာယူတာကြောင့် ပို့ပေးရတယ်။ လစဉ်ဝင်ငွေရှိတဲ့ သီးနှံလည်းဖြစ်ပါတယ်ဟု ရေမျက်ကျေးရွာနေ တောင်သူ ကိုကျော်ဝင်းထွန်းက ပြောဆိုသည်။

**Source:** https://myanmar.mmtimes.com/news/126890.html

## ခုနှစ်လအတွင်း ပြည်တွင်း၌ ဆန်ချောတစ်အိတ် ၂၀ ရာခိုင်နှုန်းခန့် ဈေးမြင့်တက်

ယခုနှစ် ခုနှစ်လအတွင်း ပြည်တွင်းစားသုံးသည့် ပေါ်ဆန်းကဲ့သို့ ဆန်ချောဈေးနှုန်းသည် တစ်အိတ်လျှင် ၂၀ ရာခိုင်နှုန်းခန့် ဈေးမြင့်တက်လာသည်။ စားသုံးမှုတိုးတက်လာပြီး ထုတ်လုပ်မှုပုံမှန်အခြေအနေ၌သာရှိခြင်းကြောင့် ဆန်ချောဈေး မြင့်တက်ခြင်းဖြစ်သည်ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် တာဝန်ရှိသူအချို့ကပြောသည်။ လက်ရှိပြည်တွင်း၌ အဓိက စားသုံးသည့် ဆန်ချောတစ်အိတ်ဈေးနှုန်းသည် ပြီးခဲ့သည့် ဇန်နဝါရီကထက် ကျပ် ၇၀၀၀ ခန့် ဈေးမြင့်တက်သည်။ ယခုနှစ် ဇန်နဝါရီတွင် ဧရာဝတီပေါ်ဆန်း ဆန်တစ်အိတ်လျှင် လက်ကားဈေး ကျပ် ၃၇၀၀၀ မှ ဇူလိုင်လကုန်ချိန်တွင် ၄၄၀၀၀ သို့ မြင့်တက်နေသည်။ ပြည်တွင်း စားဆန်ဈေးတက်ပေမယ့် ပြည်ပပို့တဲ့ဆန်ဈေးကတော့ ပုံမှန်ပါပဲဟု ဘုရင့်နောင် ဆန်ကုန်စည်ဒိုင်အတွင်းရေးမှူး ဦးသန်းဦးကပြောသည်။

နိုင်ငံသားများ အဓိကစားသုံးသည့် ဆန်ဈေးနှုန်းအပြင် ဆီနှင့်အသား၊ ငါးဈေးနှုန်းများအပါအဝင် အခြေခံ စားသောက်ကုန် ဈေးနှုန်းမြင့်တက်မှုကြောင့် မြန်မာနိုင်ငံ၏ ဇွန်လငွေကြေးဖောင်းပွမှုက ၈ ဒသမ ၀၈ ရာခိုင်နှုန်းသို့ မြင့်တက်လာသည်ကို ဗဟိုစာရင်းအင်းအဖွဲ့ကထုတ်ပြန်သော မြန်မာနိုင်ငံစားသုံးသူ ဈေးဆနှုန်းကိန်းနှင့်ငွေကြေးဖောင်းပွမှု အစီရင်ခံစာတွင်ဖော်ပြထားသည်။ ယခုနှစ် ဇန်နဝါရီ၌ ထုတ်ပြန်သောအစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ ငွေကြေးဖောင်းပွမှုက ၆ ဒသမ ၉၄ ရာခိုင်နှုန်းရှိခဲ့ခြင်းကြောင့် ခြောက်လအတွင်း ငွေကြေးဖောင်းပွမှုနှုန်း ၁ ဒသမ ၁၄ ရာခိုင်နှုန်း မြင့်တက်လာခြင်း

ဖြစ်သည်။ ငွေကြေးဖောင်းပွမှုဆိုသည်မှာ အထွေထွေကုန်ဈေးနှုန်းနှင့် အချိုးကျလေ့ရှိသဖြင့် ယခုနှစ်တွင် ကုန်ဈေးနှုန်း ထပ်မံမြင့်တက်လာခြင်းကို ဖော်ပြနေသည်ဟု စီးပွားရေးပညာရှင်အချို့ကပြောသည်။ မီတာခမြင့်တက်မှုကြောင့် မိသားစု အသုံးစရိတ်မြင့်တက်ချိန်တွင် ကုန်ဈေးနှုန်းလိုက်ပါမြင့်တက်ခြင်းက ဝင်ငွေမတိုးသူများအတွက် အခက်အခဲဖြစ်စေသည်ဟု ၎င်းတို့ကသုံးသပ်သည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဗဟိုစာရင်းအင်းအဖွဲ့က ထုတ်ပြန်သောအစီရင်ခံစာတွင် ဖော်ပြထားသောအခြေခံ စားသောက်ကုန်ဈေးနှုန်းများမှပင် ယခုနှစ်ခြောက်လအတွင်းဈေးမြင့်တက်သည်။ မြေပဲဆီ တစ်ပိသာဈေးသည် ခြောက်လ အတွင်း ၁၂ ရာခိုင်နှုန်း၊ ကြက်သားတစ်ပိသာဈေးက ၁၀ ရာခိုင်နှုန်း၊ အမဲသားတစ်ပိသာ ၈ ရာခိုင်နှုန်းစသည်ဖြင့် ဈေးမြင့်တက်နေသည်။

**Source:** http://www.7daydaily.com/story/163311

## ဈေးကွယ်ဝယ်လိုအား အားနည်းချိန် မော်တော်ကားကုမ္ပဏီတွေ ထုတ်လုပ်မှုလျှော့ချ

အမေရိကန်ကားကုမ္ပဏီ General Motors ကတော့ ယင်းရဲ့မြောက်အမေရိကဒေသ ကားစက်ရုံနှစ်ရုံမှာ Chevrolet Equinox SUV ကား ထုတ်လုပ်မှုတွေကို လျှော့ချသွားမယ်လို့ ထုတ်ပြန်ပါတယ်။ယင်းမတိုင်ခင်မှာလည်း Ford ၊ Honda နဲ့ အခြား ကားကုမ္ပဏီတွေကလည်း အလားတူ ကားထုတ်လုပ်မှုလျှော့ချမှုတွေကို ကြေညာထားခဲ့ပါတယ်။ လက်ရှိမှာ နိုင်ငံတကာ ကားထုတ်လုပ်သူ ကုမ္ပဏီတွေအနေနဲ့ကတော့ Great Recession ပြီးဆုံးမှု နောက်ပိုင်း ဈေးကွက်တွင်း ဝယ်လိုအားကျဆင်းမှုနဲ့ ရင်ဆိုင်နေရတယ်လို့ သိရပါတယ်။ ခုလို ဝယ်လိုအားကျဆင်းမှုကတော့ အချိန် အတိုင်းအတာ ဘယ်လောက်ကြာနေနိုင်မလဲ မသိရပေမယ့် အကဲဖြတ်သူတွေသိတွေရဲ့ အဆိုအရတော့ ဒါဟာ Donald Trump အစိုးရဘက်က တရုတ်၊ အခြားကုန်သွယ်ဘက်တွေနဲ့အကြား အငြင်းပွားမှုတွေကို ဘယ် လို ကိုင်တွယ်မလဲဆိုတဲ့အပေါ် မှာ မူတည်နိုင်တယ်လို့ဆိုပါတယ်။

Honda ကတော့ Ohio စက်ရုံမှာ ယင်းရဲ့ Accord နဲ့ Civic models ထုတ်လုပ်မှုကို လျှော့ချကြောင်း ယခု အပတ်အတွင်း အတည်ပြုခဲ့သလို Nissan ကလည်း Mississippi မှာ ရှိနေတဲ့ စက်ရုံက ထုတ်လုပ်မှုတွေကို လျှော့ချခဲ့တယ်လို့ ပြောထားပါတယ်။

**Source:**https://www.cnbc.com/2019/08/10/automakers-trim-production

SFJ Strategy First Journal

## ရှမ်းပြည်နယ်မှ တောင်သူများနှင့် လုပ်ငန်းရှင်များပူးပေါင်းကာ တရုတ်ကြက်သွန်ဖြူများ စိုက်ပျိုးမည်

Myanmar Garlic Food House ကုမ္ပဏီနှင့် ရှမ်းပြည်နယ်တောင်ပိုင်း ဟဲဟိုးအာလူးအစုအဖွဲ့၊ ပင်းတယမြို့နယ်ရှိ တောင်သူများပူးပေါင်းကာ တရုတ်ကြက်သွန်ဖြူမျိုးများကို အကျိုးတူစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။ အဆိုပါ အကျိုးတူပူးပေါင်းဆောင်ရွက်မှုတွင် ကုမ္ပဏီဘက်မှ ကြက်သွန်ဖြူမျိုးပိသာချိန် ၁၀၀ ပေးပါက၊ ထွက် ရှိလာသည့်အခါ တောင်သူများမှ ကုမ္ပဏီထံသို့ (ပိသာချိန် ၂၀၀) နှစ်ဆခန့် ပြန်လည်ပေးသွင်းရမည်ဖြစ်ပြီး၊ ကျန်ထွက်ရှိသည့် ကြက်သွန်ဖြူများကို အဆိုပါကုမ္ပဏီမှတစ်ပိသာလျှင် ၁၅၀၀ ကျပ်နှုန်းဖြင့် ပြန်လည်ဝယ် ယူသွားမည် ဖြစ်ကြောင်းသိရသည်။

အကျိုးတူပူးပေါင်းစိုက်ပျိုးမှုကို ဟဲဟိုးအာလူး အစုအဖွဲ့ဝင်တောင်သူများမှ ဧက ၂၀ ခန့်၊ ပင်းတယတောင်သူများမှ ၂၅ ဧကခန့်ဖြင့် လာမည့်ကြက်သွန်ဖြူစိုက်ပျိုးချိန်တွင် စတင်စိုက်ပျိုးမည်ဖြစ်ပြီး၊ စိုက်ပျိုးမှုအနေဖြင့် တစ်ဧကလျှင် ကြက်သွန်ဖြူမျိုး ပိသာ ၄၅၀ ခန့်ထည့်သွင်းရပြီး အသုံးပြုမည့်မြေဩဇာသည် ကလိုရိုဒ်မပါဝင်သည့် မြေဩဇာများကို ထည့်သွင်းအသုံးပြုရမည်ဖြစ်သည့်အတွက် တစ်ဧကလျှင် ၂၅ သိန်းခန့် ကုန်ကျစရိတ်ရှိနိုင်ကြောင်းသိရသည်။ အဆိုပါ နှုန်းဖြင့်စိုက်ပျိုးပါက တစ်ဧကလျှင် ပိသာချိန် ၄၆၀၀ ခန့် ထွက်ရှိမည်ဖြစ်ပြီး အမြတ်အစွန်းအနေဖြင့် ကျပ် ၁၅ သိန်းမှ ၂၀ သိန်းအကြားရရှိနိုင်ကြောင်း ဟဲဟိုးအာလူးအစုအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သန်းကျော်ကပြောသည်။ ဒီကုမ္ပဏီကနေ ဟဲဟိုး အင်းခေါင်းရွာမှာ ဧက ၄၀ကျော် နှစ်စဉ် စိုက်ပျိုးပြီးတော့ ထွက်ရှိလာတဲ့ ကြက်သွန်ဖြူ တွေကို အမေရိကန်ကို တင်ပို့ နေတယ်။ အကျိုးတူစနစ်ဟာလည်း တောင်သူတွေအတွက် အကျိုးအမြတ်နဲ့ နည်းပညာရရှိနိုင်တာမို့ ပိုမိုဖော်ဆောင် သင့်တယ်ဟု ဟဲဟိုးအာလူးအစုအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သန်းကျော်က ပြောသည်။ အထက်ပါအတိုင်း အကျိုးတူ စိုက်ပျိုးမှုကို ဇူလိုင်လ ၂၂ ရက်က ဟဲဟိုး အာလူးအစုအဖွဲ့ရုံး၌ စာချုပ်ချုပ်ဆိုခဲ့ကြကြောင်းသိရသည်။

လက်ရှိ ရှမ်းပြည်နယ် တောင်ပိုင်းတွင် ကြက်သွန်ဖြူ စိုက်ဧက ၂၉၀၀၀ ကျော်၊ မြောက်ပိုင်းတွင် စိုက်ဧက ၁၀၀၄၀ ကျော်၊ အရှေ့ပိုင်းတွင် ဧကပေါင်း ၄၆၀၀ ကျော် စိုက်ပျိုးထားကြောင်းသိရသည်။ မြန်မာနိုင်ငံတွင် ဘဏ္ဍာနှစ်အလိုက် ကြက်သွန်ဖြူ စိုက်ပျိုးမှု၊ ထွက်ရှိမှုစာရင်းများအရ ၂၀၁၄-၁၅ ဘဏ္ဍာနှစ်တွင် ဧက ၇၀၀၀၀ ကျော်၊ အထွန်နှုန်း တန်ချိန် ၂၁၀၀၀၀ ကျော်၊ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် ဧကပေါင်း ၆၉၀၀၀ ကျော်၊ တန်ချိန် ၂၁၀၀၀၀ ကျော်၊ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် ဧကပေါင်း ၇၀၈၀၀ ကျော်၊ တန်ချိန် ၂၁၆၀၀၀ ကျော်၊ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် ဧက ၆၈၀၀၀ ကျော်၊ တန်ချိန် ၂၀၀၀၀၀ ကျော် ထွက်ရှိခဲ့ပြီး ယင်းပမာဏထဲတွင် ရှမ်းပြည်နယ်သည် ကြက်သွန်ဖြူစိုက်ပျိုးမှု အများဆုံးဖြစ်ကြောင်းသိရသည်။ ပြည်ပသို့ ဘဏ္ဍာနှစ်အလိုက် ကြက်သွန်ဖြူ တင်ပို့မှုစာရင်းများအရ ၂၀၁၅- ၁၆ ဘဏ္ဍာနှစ်တွင် တန်ချိန် ၃၃၇၀ ကျော်၊ ၂၀၁၆- ၁၇ ဘဏ္ဍာနှစ်တွင် တန်ချိန် ၂၁၀၀ ကျော်၊ ၂၀၁၈-၁၉ ဘဏ္ဍာနှစ် ရှစ်လအတွင်း တန်ချိန် ၃၃၄၀ ကျော် အသီးသီး တင်ပို့ထားကြောင်းသိရသည်။

**Source:** https://www.facebook.com/amiamyanmar/posts/2375983672487115?__tn__=K-R

## ကြံနှင့်သကြားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် Forum ကျင်းပမည်

မြန်မာနိုင်ငံ ကြံနှင့်သကြားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် Sugar Forum တစ်ခုအား မကြာမီကျင်းပ သွားမည် ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သတင်းရရှိသည်။ လက်ရှိသကြားစက်ရုံများ၌ လက်ကျန်သကြားများပြားနေမှုကြောင့် ကြံတောင်သူများ၏ စိုက်ပျိုးရောင်းချလိုမှုနှင့် စက်ရုံများ၏ ကြံဝယ်ယူလိုမှုအခြေအနေများကို တိတိကျကျ သိရှိနိုင်ရေး အတွက် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် အဆိုပါဖိုရမ်ကိုကျင်းပခြင်းဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာရဲတင့်ထွန်းက ပြောသည်။ ကြံနဲ့သကြားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေဖို့ ဆက်နွယ်ဆောင်ရွက်နေတဲ့ ဝန်ကြီးဌာနတွေ၊ လုပ်ငန်းရှင်တွေ ၊ တောင်သူတွေအားလုံးပါဝင်တဲ့ Sugar Forum ကျင်းပသွားမယ်။ လိုအပ်တဲ့ အကြံလုပ်ငန်း ပြင်ဆင်မှုတွေကို ဆောင်ရွက်ဖို့ လိုတယ်ဟု ၎င်းကပြောသည်။

လက်ရှိတွင် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် အဓိကတာဝန်ဖြစ်သော တောင်သူများစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မား စေရေးနှင့် ဝင်ငွေတိုးတက်ရရှိစေရေးတို့အတွက် ဦးတည်ဆောင်ရွက်နေသကဲ့သို့ စက်ရုံလုပ်ငန်းများနှင့် ဆက်နွယ်နေသည့် လုပ်ငန်းစဉ်များတွင်လည်း Win-Win Situation ဖြစ်စေရန် ကြိုးပမ်းဆောင် ရွက်လျက်ရှိကြောင်း ၎င်းကဆိုသည်။ အဆိုပါ ဖိုရမ်တွင် သကြားစက်ရုံ၊ ကုမ္ပဏီအဖွဲ့အစည်း တစ်ခုချင်းစီမှ ၂၀၁၉-၂၀၂၀ ကြံရာသီ၊ တောင်သူများ နှင့် Contract Farming ဆောင်ရွက်နေမှု အခြေအနေ၊ ကြံဝယ်ဈေးနှုန်း၊ ကြံဝယ်ယူ/ သယ်ယူမည့် အစီအစဉ် များ၊ တောင်သူများနှင့် စာချုပ်ချုပ်ဆိုမည့် အစီအစဉ်၊ စက်ဖွင့်လုပ်မည့် အခြေအနေများ၊ သကြားဈေးကွက် အ ခက်အခဲများ၊ စက်ရုံများ၏ ထုတ်လုပ်မှုစရိတ် လျှော့ချနိုင်ရန် Valueadded ထုတ်ကုန်များ ထုတ်ရာတွင် နိုင်ငံ တော်မှ မူဝါဒချမှတ်ခြင်း စသည့်တို့ကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းအပြင် ကြံစိုက်တောင်သူများ ကြုံတွေ့နေရသည့် အခက်အခဲများ၊ သကြားစက်ရုံများနှင့် သကြားလုပ်ငန်းရှင်များ၏ အခက်အခဲများအား ညှိနှိုင်းဆွေးနွေးအဖြေရှာခြင်း၊ သက်ဆိုင်သည့်ဆက်စပ်ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက် ပေးနိုင် ရေးနှင့် လိုအပ်ပါက တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့သို့ တင်ပြ အစီရင်ခံခြင်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်ပေး သွားမည် ဖြစ်ကြောင်းသိရသည်။

**Source:** https://www.facebook.com/amiamyanmar/posts/2375871642498318?__tn__=K-R

## ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ နိုင်ငံတကာသို့ မတ်ပဲတင်ပို့မှုမြင့်တက်လာ

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ နိုင်ငံတကာသို့ မတ်ပဲ တင်ပို့မှု မြင့်တက်လာကြောင်း ကုန်သည်များထံမှ သိရသည်။ လက်ရှိ ပင်လယ်ရေကြောင်း တစ်ပတ်လျှင် မတ်ပဲ တန်ချိန် ၁၆,၀၀၀ ကျော်အထိ တင်ပို့လာနိုင်ပြီး အိန္ဒိယ၊ ဘ ဂ်လားဒေ့ရှ်၊ ယူနိုက်တက်ကင်းဒမ်း၊ ဂျပန်၊ တောင်အာဖရိက၊ နီပေါ၊ အမေရိကန်နှင့်ကနေဒါနိုင်ငံများသို့ တင်ပို့နေခြင်းဖြစ်ကြောင်း သိရသည်။ အများဆုံးပို့တဲ့နိုင်ငံတွေကတော့ အိန္ဒိယပဲဖြစ်တယ်။ တန်ချိန် ၁၂၀၀၀ လောက်ပို့တယ်။ ဈေးကွက်လိုအပ်ချက် အရ ဝယ်ယူနေတဲ့ ထိုင်းနဲ့ဗီယက်နမ်နိုင်ငံအပြင် ဂျပန်၊ နီပေါ၊ အင်ဒိုနီးရှားနဲ့ အမေရိကန်နိုင်ငံတွေပါ တင်ပို့လာနိုင်တယ်။ မတ်ပဲတစ်တန်ကို ကန်ဒေါ်လာ ၆၃၀၀ လောက် ပျမ်းမျှဈေးရတယ်ဟု ဘုရင့်နောင်ရှိ ပဲကုန်သည် ဦးရဲမြင့်ကပြောသည်။

ယခုနှစ် ဇန်နဝါရီမှ ဇူလိုင် ၂၇ ရက်အထိ ပြည်ပသို့ မတ်ပဲ တန်ချိန် ၂၀၀၀၀၀ ကျော် တင်ပို့ထားပြီး အိန္ဒိယနိုင်ငံမှ

မြန်မာ့မတ်ပဲတန်ချိန် တစ်သိန်းခွဲကို ၂၀၂၀ ပြည့်နှစ် မတ် ၃၁ ရက် ကာလအထိ ဝယ်ယူမည်ဖြစ်သည်။ မတ်ပဲနဲ့ပဲတီစိမ်းက အိန္ဒိယအပြင် တခြားနိုင်ငံတွေလည်း ပို့နေတာဖြစ်လို့ ဈေးကွက်အရကောင်းပါတယ်။ ပဲစင်းငုံ တစ်ခုထဲသာ အိန္ဒိယကို အများဆုံးသွားနေတာဖြစ်တယ်။ အိန္ဒိယမြန်မာ့ပဲမျိုးစုံကို ဝယ်ယူနေတာလည်းဖြစ်လို့ ဈေးနှုန်းအသီးသီးတော့ တက်လာနေပါတယ်ဟု မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း အတွင်းရေးမှူး ဦးမျိုးသူကပြောသည်။ အသင်းမှ မတ်ပဲ အစားထိုးသီးနှံအဖြစ် ပဲတီစိမ်း၊ ကုလားပဲ၊ ပဲပုပ်၊ အစေ့ထုတ်ပြောင်း၊ ဆီထွက်သီးနှံနှင့် အခြားတွက်ချေကိုက်မည့် သီးနှံများ ရွေးချယ်စိုက်ပျိုးနိုင်ရေးအတွက် တစ်ဧကထုတ်လုပ်မှုကုန်ကျစရိတ်နှင့် ခန့်မှန်းအကျိုးအမြတ်စာရင်းများကို ဒေသအလိုက် ပြုစုပြီး တောင်သူများသို့အသိပေးဆောင်ရွက်လျက်ရှိသည်။

ယခင်နှစ်များက မတ်ပဲ တန်ချိန် (၅) သိန်းကျော် ထွက်ရှိသော်လည်း ယခုနှစ်တွင် တောင်သူများက လျော့ချ စိုက်ပျိုးထားခြင်းကြောင့် တန်ချိန် ၃ သိန်းခွဲခန့်သာထွက်ရှိမည်ဟု ကုန်သည်များက ခန့်မှန်းထားသည်။ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးစပါးရိတ်သိမ်းအပြီး မတ်ပဲကို နိုဝင်ဘာလနှင့်ဒီဇင်ဘာလတို့တွင် စိုက်ပျိုးကြပြီး အဆိုပါ စိုက်ပျိုးလိုက်သော မတ်ပဲသည် ဖေဖော်ဝါရီလတွင် အသစ် ( New supplies ) အဖြစ် ဈေးကွက်သို့ စတင်ဝင်ရောက်သည့်ကာလဖြစ်သည်။

မြန်မာနိုင်ငံတွင် မတ်ပဲစိုက်ပျိုးထုတ်လုပ်သည့် အဓိကတိုင်းဒေသကြီးများနှင့်ပြည်နယ်များမှာ စစ်ကိုင်း၊ ပဲခူး၊ ဧရာဝတီ၊ ရန်ကုန်၊ မန္တလေးတိုင်းဒေသကြီးတို့ ဖြစ်ကြပြီး ကချင်၊ ကယား၊ တနင်္သာရီ၊ မွန်၊ ရှမ်း( အရှေ့၊ တောင်နှင့် မြောက်) တို့တွင် လည်း အနည်းငယ် စိုက်ပျိုးကြကြောင်းသိရသည်။ တစ်နိုင်ငံလုံးတွင် မတ်ပဲ စိုက်ဧကပေါင်း ၁၁ သန်းနီးပါး ရှိသဖြင့် စုစုပေါင်း စိုက်ဧက၏ ၂၅ ရာခိုင်နှုန်းခန့်ရှိသည်။ မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွင် စစ်ကိုင်းတိုင်းဒေသကြီးသည် ဧက ၁ဒသမ၉ သိန်းခန့် အများဆုံးစိုက်ပျိုးထားပြီး မြန်မာနိုင်ငံအောက်ပိုင်းဒေသ ဧရာဝတီတိုင်းဒေသကြီးတွင် ဧက ၁ သန်းကျော် စိုက်ပျိုးကြကြောင်းသိရသည်။

**Source:** https://www.facebook.com/amiamyanmar/posts/2374250762660406?__tn__=K-R

## ရေဘေးသင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ခန့်မှန်းခြေ ဆန်တန်ချိန် (၄) သိန်းခန့်ပျက်စီးနိုင်

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ရေဘေးကြောင့် သီးနှံများ ပျက်စီးဆုံးရှုံးခဲ့ရာ၌ ခန့်မှန်းခြေ ဆန်တန်ချိန် (၄) သိန်းခန့် အထွက် လျော့နည်းသွားလိမ့်မည်ဖြစ်ကြောင်း လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနကပြောကြားသည်။သမိုင်းအစဉ်အလာအရ ရေဘေး နှင့် မိုးခေါင်မှုများ ကြုံတွေ့ရတိုင်း ပြည်ပမှဆန်တင်သွင်းမှုအပေါ် အဓိကမှီခိုခဲ့ရသော ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် ယခုဖြစ်ရပ်မှာ လျော့တွက်၍ မရသောအခြေအနေဖြစ်သည်။ သို့သော် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဆန်စပါးများ ထုတ်လုပ်မှုပိုလျှံ၍ ဈေးကောင်းမရဘဲဖြစ်နေသည့်အတွက် အစိုးရကဈေးကွက်ကို ထောက်ကူပေးသည့်အနေဖြင့် ယခုနှစ်မေလအတွင်း ပြည်ပသို့ ဆန်တင်ပို့မှုကို ပြန်ဖွင့်ပေးခဲ့သော်လည်း ပြည်ပနှင့် ဆန်အရောင်းအဝယ်စာချုပ် တစ်ခုတစ်လေမျှ မချုပ်နိုင်ဘဲ ဖြစ်နေသည်။

လက်ရှိ မုတ်သုံရာသီအတွင်း ရေကြီးရေလျှံမှုများကြောင့် ဘင်္ဂလားဒေ့ရှ်တွင် အနည်းဆုံး လူ ၁၀၈ ဦးခန့် သေဆုံးခဲ့ရပြီး လူ ၆ သန်းကျော် ရေဘေးသင့်ကာ သီးနှံစိုက်ခင်းများလည်း ပျက်စီးခဲ့ရသည်။လယ်သမားတွေအတွက် ဆုံးရှုံးနစ်နာမှုက အတော့်ကို ကြီးမားပါတယ်။ ဒါပေမယ့် ရေကြီးမှုဖြစ်ပွားနေလို့ နိုင်ငံရဲ့စုစုပေါင်းဆန်သိုလှောင်မှုကို များများစားစား ထိခိုက်မယ်လို့တော့ ကျွန်တော်မထင်မိပါဘူးဟု နိုင်ငံအတွင်း ပိုလျှံနေသောဆန်များကို ရည်ညွှန်း၍ လယ်ယာစိုက်ပျိုးရေး တိုးချဲ့ဌာနမှ ညွှန်ကြားရေးမှူးကပြောကြားသည်။ ထိုစဉ်အတွင်း ဘင်္ဂလားဒေ့ရှ်၊ မိုးလေဝသဗျူရိုက နောက်ထပ် ဖြစ်လာဦးမည့် ရေကြီးရေလျှံမှုများကြောင့် မြေနိမ့်ပိုင်းဒေသတွင် တည်ရှိသည့် ၎င်းတို့ နိုင်ငံ၏ လူဦးရေ သန်း ၁၆၀ ကျော်ကို ထိခိုက်လာနိုင်သေးသည် ဟု ခန့်မှန်းထားသည်။

ဘင်္ဂလားဒေ့ရှ်ဗဟိုဘဏ်က ပြည်တွင်းဘဏ်များအား လယ်သမားများထံမှ ရစရာရှိသောငွေကြေးများကို ပြန်တောင်း ရာတွင် ဖိအားမပေးရန်နှင့် ရေဘေးသင့်တောင်သူများကို ထပ်မံကူညီပေးရန် ညွှန်ကြားထားသည်။ လယ်ယာ စိုက်ပျိုးရေး ဝန်ကြီးကလည်း ရေဘေးသင့်ဒေသများရှိ လယ်သမားများကို အကူအညီပေးရန်အတွက် စုစုပေါင်း ဒေါ်လာ ၇.၅ သန်းကို လျာထားပြီးဖြစ်သည်ဟု ပြောကြားသည်။

**Source:** https://www.facebook.com/gromaxxmyanmar/?epa=SEARCH_BOX

## ယွမ်ငွေတန်ဖိုးကျနေ၍ မြန်မာ့ပို့ကုန် အကျပ်အတည်းကြုံတွေ့

အမေရိကန်-တရုတ်ကုန်သွယ်ရေးစစ်ပွဲ၏ အကျိုးဆက်အဖြစ် ယွမ်ငွေတန်ဖိုးကျဆင်းလာမှုကြောင့် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးစခန်း လေးခုမှတစ်ဆင့် ကုန်ပစ္စည်းတင်ပို့နေသည့် မြန်မာ့ပို့ကုန်လုပ်ငန်းရှင်များ အကျပ်အ တည်း ကြုံနေသည်ဟု ကာယကံရှင်အချို့က ပြောခဲ့ပါတယ်။ ဆန်၊ ပြောင်းဖူးစေ့စသော လယ်ယာထွက်ကုန်များ၊ ငါးရှဥ့်၊ ကဏန်းကဲ့သို့ ရေထွက်ကုန်များအပါအဝင် တစ်ရက်လျှင် ကန်ဒေါ်လာ ၁၂ သန်းဖိုးခန့် မြန်မာနိုင်ငံမှ တင်ပို့နေခြင်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံ၏ နိုင်ငံခြားပို့ကုန်ပမာဏသည် တစ်ရက်လျှင် ဒေါ်လာ ၄၆ သန်းကျော်ဖိုးရှိနေပြီး မြန်မာ-တရုတ် နယ်စပ် မူဆယ်၊ကန်ပိုက်တီး၊ လွယ်ဂျယ်နှင့်ချင်းရွှေဟော်တို့မှတစ်ဆင့်တင်ပို့မှုမှာ နိုင်ငံခြားပို့ကုန်တန်ဖိုး စုစုပေါင်း၏ ၃၀ ရာခိုင်နှုန်းခန့်ရှိပါတယ်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စာရင်းများတွင် ပို့ကုန်တန်ဖိုးကို အမေရိကန်ဒေါ်လာဖြင့် ဖော်ပြ သော်လည်း အထက်ပါ နယ်စပ်များတွင်မူ မြန်မာ့ပို့ကုန်များကို တရုတ်နိုင်ငံသုံး ယွမ်ငွေသုံးစွဲပြီး ရောင်းချနေရသဖြင့် မြန်မာပို့ကုန်လုပ်ငန်းရှင်များ အခက်ကြုံနေခဲ့ပါတယ်။ မြန်မာနိုင်ငံ၏ နိုင်ငံခြားသုံးငွေတွင် အမေရိကန်ဒေါ်လာပြီးလျှင် တရုတ်ယွမ်ငွေတန်ဖိုး အပြောင်းအလဲက စီးပွားရေးအပေါ် အကြိုးသက်ရောက်မှု များစွာရှိနေသည်။ မြန်မာ-တရုတ်နှစ် နိုင်ငံ နယ်စပ်ကုန်သွယ်ရေးတွင် ယွမ်ငွေနှင့်အရောင်းအဝယ်ပြုလုပ်ရခြင်းကြောင့် ယွမ်ငွေတန်ဖိုးကျဆင်းခြင်းက တရုတ်သို့တင်ပို့ နေသည့် မြန်မာ့ပို့ကုန်တန်ဖိုးလျော့နည်းနိုင်သည်ဟု ပို့ကုန်လုပ်ငန်းရှင်အချို့ကပြောခဲ့ပါတယ်။ နယ်စပ်မှာက ယွမ်ငွေပဲ သုံးရတာဟု မြန်မာနိုင်ငံမော်တော်ယာဥ်တင်သွင်းထုတ်လုပ် ဖြန့်ဖြူးရောင်းချသူများအသင်းဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းက ပြောခဲ့ပါတယ်။

နယ်စပ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ရောင်းချသည့် ပို့ကုန် အားလုံးနီးပါးကို ယွမ်ငွေဖြင့်သာ ရောင်းချရသော်လည်း မြန်မာ အစိုးရကို အခွန်ဆောင်ရာတွင် ကန်ဒေါ်လာ သုံးရ၍ ကွာခြား သည့်နှုန်းထားတို့ကြောင့် နစ်နာ မှုများ ရှိနေသည်ဟု မြန်မာပို့ကုန် လုပ်ငန်းရှင်အချို့က ပြောခဲ့ပါတယ်။ လက်ရှိတွင် ဒေါ်လာနှင့် ယွမ်ငွေလဲနှုန်းသည် ဆယ်စုနှစ်တစ် ခုအတွင်း အဆိုးရွားဆုံး ကွာခြားမှုနှင့် ကြုံတွေ့နေသည်။ တစ်ဒေါ်လာ ကွာခြားနှုန်းလျှင် ၆ ဒသမ ၇ ယွမ်ဝန်းကျင်မှ ၇ ဒသမ ၁ ယွမ် ဝန်းကျင်သို့ ပြောင်းလဲလာခြင်းဖြစ်သည်။ ထိုသို့ ယွမ်ငွေတန်ဖိုးကျဆင်းသွားခြင်းကြောင့် မြန်မာပို့ကုန်လုပ်ငန်းရှင်များကို အထိနာစေသည်ဟု ၎င်းတို့က ပြောခဲ့ပါတယ်။ အခုယွမ်တန်ဖိုးကျတာ ကုန်သည်တွေအတွက် နစ်ခါနာတာပဲ။ ပို့ကုန်အတွက် ရတဲ့ဈေးတွေက ရှုံးနေတဲ့အပြင် ငွေလဲနှုန်းကပါ ထပ်ပြီးနာတာပေါ့ဟု မူဆယ်ဆန်ကုန်စည်ဒိုင်မှ အသင်းဝင်ဆန်ကုန်သည် ဦးမင်းသိန်းကပြောခဲ့ပါတယ်။ ယွမ်ငွေတန်ဖိုးသည် ဒေါ်လာနှင့် လဲလှယ်နှုန်းသာမက ကျပ်ငွေနှင့် တိုက်ရိုက်လဲလှယ်နှုန်းတွင် လည်း ကျဆင်းနေခြင်းဖြစ်သည်။ ပြီးခဲ့သည့် ဇူလိုင်နှင့်နှိုင်းယှဥ်ကြည့်မည်ဆိုပါက တစ်ယွမ်လျှင်၅ ရာခိုင်နှုန်းခန့် တန်ဖိုးလျော့ကျသည်။ ဇူလိုင်အတွင်းက တစ်ယွမ် လျှင် ၂၂၅ ကျပ်ခန့်ရှိသော်လည်း ဩဂုတ် ၆ ရက်တွင် ၂၁၃ ကျပ်သို့ ကျဆင်းလာခြင်းဖြစ်ပါတယ်။

မြန်မာ-တရုတ်နယ်စပ် ကုန်သွယ်ရေးလုပ်ငန်းများ၌ ယွမ်ငွေတန်ဖိုးကျဆင်းခြင်းသည် မြန်မာ့ပို့ကုန်လုပ်ငန်းရှင်များကို ထိခိုက်စေသော်လည်း သွင်းကုန်လုပ်ငန်းရှင်များအတွက်မူ အခွင့်အလမ်းတစ်ခုဖြစ်နေသည်ဟု ကုန်သည်အချို့က ပြောခဲ့ ပါတယ်။ မြန်မာ-တရုတ် နယ်စပ်မှသွင်းကုန်တန်ဖိုးသည် စီးပွားကူးသန်းဝန်ကြီးဌာနစာရင်းများအရ တစ်ရက်လျှင် ဒေါ်လာ ငါးသန်းကျော်ဖိုးရှိပါတယ်။

**Source : 7 Day Daily**

https://www.logisticsguide.com.mm/en/industry-news/export-import/2266-because-the-value-of-the-yuan-encountered-myanmar-crisis.html

## ထိုင်းနိုင်ငံမှ ပြောင်းတင်သွင်းမှု ရပ်နားမည်ဖြစ်သော်လည်း ပြည်တွင်း၌ လက်ကျန်နည်းပါးနေ၍ ထိခိုက်မှုမရှိနိုင်

တရုတ်နိုင်ငံသို့ ပြောင်းတင်သွင်းမှု ရပ်နားပြီးနောက် အဓိကဈေးကွက်ဖြစ်သည့် ထိုင်းနိုင်ငံမှ ဩဂုတ် ၂၈ ရက်တွင် ပြောင်းတင်သွင်းခွင့်ကိုပိတ်မည်ဟု တရားဝင်ကြေညာထားသည့်အတွက် ပြောင်းတင်ပို့မှုကို ယခုလအတွင်း ရပ်နား ရမည် ဖြစ်သော်လည်း ပြည်တွင်းလက်ကျန် နည်းပါးနေ၍ ထိခိုက်မှု မရှိနိုင်ကြောင်း မြန်မာနိုင်ငံပြောင်း လုပ်ငန်း အသင်းချုပ် ဥက္ကဋ္ဌ ဦးမင်းခိုင်၏ပြောပြချက်အရသိရသည်။ ထိုင်းဂယ်လက်ပိတ်တော့ ပြည်တွင်းသုံးစွဲမှုပဲကျန်တော့တယ်။ အဲဒီတော့ သိသာ လောက်အောင်ပြောင်းလဲမယ်လို့ မထင်ပါဘူး။ ဈေးကွက်က ပြည်တွင်းလိုအပ်ချက်အရ ဈေးနှုန်းအရမ်းမြင့်မလာနိုင်ဘူးဟု ဦးမင်းခိုင်ကပြောသည်။

ထို့ပြင် ယခုလဆန်းပိုင်းတွင် သက်ဆိုင်ရာတာဝန်ရှိသူများက တရုတ်နိုင်ငံသို့ ကုန်သွယ်မှုအတွက် သွားရောက်ဆွေးနွေးရာတွင် ဆန်နှင့်သကြားတို့အပြင် ပြောင်းသီးနှံအတွက်ပါ ထည့်သွင်းဆွေးနွေးခဲ့ရာ လတ်တလောတွင် ပြည်တွင်း၌ လက်ကျန် နည်းပါးနေသဖြင့် လာမည့်နှစ်အတွက်သာ အလားအလာကောင်းနိုင်ကြောင်းသိရသည်။ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကထွက်ရှိတဲ့ ပြောင်းတွေပဲလက်ကျန်ကျန်နေတယ်။ သိပ်ပြီးမကျန်ဘူး။ နောက်တစ်ခုက မိုးပြောင်းကလည်း အခုမှ စိုက်ကြတယ်။ ထွက်ဖို့ကလည်း လိုသေးတယ်ဆိုတော့ ဒီကြားထဲမှာ သိသာအောင်ပြောင်းလဲဖို့ အလားအလာတော့ မရှိသေးဘူးဟု ဦးမင်းခိုင်ကပြောသည်။ လတ်တလောတွင် ဧရာဝတီတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ထွက်ရှိသည့် နွေပြောင်းနှင့်ဆောင်း ပြောင်းများကုန်လုနီးပါးဖြစ်နေသည်။ ပြီးခဲ့သည့်နှစ်ကထွက်ရှိသော ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ မိုးပြောင်းများသည် ပျမ်းမျှအားဖြင့် ၂၀ရာခိုင်နှုန်းသာ ကျန်ရှိတော့ကြောင်းသိရသည်။

**Source:** http://myawady.net.mm/index.php/business/item/48318-

## အီတလီနိုင်ငံသည် အရှေ့တောင်အာရှအခွန်လွတ်ဆန်တင်သွင်းမှု တားမြစ်ပိတ်ပင်

အီးယူအား အခွန်ပြန်လည်ကောက်ခံရန် တောင်းဆို www.oliannews.com ထုတ်ပြန်ချက်အရ မကြာသေးမီက အီတလီလယ်ယာထွက်ကုန်၏ ဈေးကွက်အဆင့်အတန်းကို ထိန်းသိမ်းအာမခံရန်၊ လယ်ယာထွက်ကုန်စိုက်ပျိုးရေး၏ နှိုးကြားထကြွမှုကို မြှင့်တင်ရန်၊ မူဝါဒအရ တန်ဖိုးနည်းသော ပြည်ပလယ်ယာထွက်ကုန်ဈေးကွက်အပေါ်သက်ရောက်မှုကို လျှော့ချရန်အတွက် အီတလီအစိုးရသစ် သည် အီးယူအား အရှေ့တောင်အာရှဒေသမှ အခွန်လွတ်ဆန်စပါးတင်သွင်းခြင်းကို ပိတ်ပင်ရန် တရားဝင်အကြံပြုခဲ့ပါသည်။ ထုတ်ပြန်ချက်အရ အီတလီဒုတိယဝန်ကြီးချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး Matteo Salviniမှ သတင်းထောက်များ၏ တွေ့ဆုံမေးမြန်းမှုကို လက်ခံဖြေဆိုရာတွင် အီတလီက အာရှအခွန်လွတ်ဆန်စပါးတင်ဆောင်လာသည့် သင်္ဘောများ ဆိပ်ကမ်းသို့ဝင်ရောက်ရန် ပိတ်ပင်တားမြစ်ထားပြီး ဘက်ပေါင်းစုံမှတစ်ဆင့် အရှေ့တောင်အာရှ တန်ဖိုးနည်းဆန်စပါးများတင်သွင်းမှုကို တားမြစ်ပိတ်ပင်သွားမည်ဖြစ်သည်။ အထူးသဖြင့် အာရှတိုက်ရှိ မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံများမှ အခွန်လွတ်ဆန်စပါးများတင်သွင်းခြင်းကို ပိတ်ပင်သွားမည်ဖြစ်ကြောင်း သိရပါသည်။

ထုတ်ပြန်ဖော်ပြချက်များအရ ၂၀၀၈ ခုနှစ်တွင် အီးယူနှင့် အရှေ့တောင်အာရှနိုင်ငံများအကြား သဘောတူစာချုပ် လက်မှတ်ရေးထိုးခဲ့ပြီး အရှေ့တောင်အာရှဆိုင်ရာနိုင်ငံများ၏ ဆန်တန်ချိန်(၁၀)သိန်းကို အီးယူဈေးကွက်သို့ အခွန် ကင်းလွတ်ဝင်ရောက်မှုကို ခွင့်ပြုခဲ့ပါသည်။ ၂၀၁၆ ခုနှစ်အထိ အရှေ့တောင်အာရှဒေသများမှ အီးယူဈေးကွက်သို့ ဆန်စပါး တန်ချိန်(၃၇)တန်ကို လက်တွေ့တင်ပို့ခဲ့ပြီဖြစ်သည်။ သို့သော် တန်ဖိုးနည်းဆန်စပါးအများအပြား ဥရောပနှင့်အီတလီ ဈေးကွက်အတွင်းသို့ ဝင်ရောက်ခဲ့ခြင်းကြောင့် အီတလီမူလထုတ်လုပ်ဆန်စပါးမှာ ရောင်းချမှုပမာဏ ပြင်းထန် စွာ လျော့နည်းခြင်းနှင့် ဈေးနှုန်းကျဆင်းခြင်းများ ဖြစ်ပေါ်စေခဲ့ပါသည်။ အီတလီနိုင်ငံ သက်ဆိုင်ရာထုတ်ကုန်များ၏ ထုတ်လုပ်မှု လုပ်ငန်းကို အပြုသဘောဆောင် ထိခိုက်စေခဲ့ကြောင်းသိရပါသည်။ အီတလီနိုင်ငံ လယ်ယာစိုက်ပျိုးရေးအသင်း၏ စာရင်း ဖော်ပြချက်များအရ အီတလီနိုင်ငံသည် အီးယူ၏ အကြီးဆုံးသော ရေစပါးထုတ်လုပ်နိုင်ငံဖြစ်သည့်အလျောက် တစ်နိုင်ငံလုံး ရေစပါးစိုက်ပျိုးထုတ်လုပ်မှုဧရိယာမှာ အီးယူအဖွဲ့ဝင်နိုင်ငံများ၏ ၅၀%ခန့် နေရာရယူထားပြီး ရေသွင်းမြေယာ (၂.၃၄၃)သိန်း ဟက်တာရှိကြောင်းသိရပါသည်။ အရှေ့တောင်အာရှ တန်ဖိုးနည်းသွင်းကုန်ဆန်စပါး၏ သက်ရောက်မှုကြောင့် အီတလီမူလ ထုတ်လုပ်ဆန်စပါးဈေးနှုန်းမှာ ၅၀%အထိ ကျဆင်းလာခဲ့ပြီး ဆန်အမျိုးအစား လယ်ယာထွက်ကုန်ထုတ်လုပ်မှုလုပ်ငန်း၏ ဝင်ငွေမှာ ၅၈%ခန့် လျော့ နည်းခဲ့ကြောင်း သိရပါသည်။ www.chinanews.com မှကောက်နုတ်ဖော်ပြသည်။

**Source:** https://www.facebook.com/shweliayarnews/

## မြန်မာပြည်ထုတ် လက်ဝတ်ရတနာများ ဂျပန်နိုင်ငံက မှာယူမှုများလာ

ဂျပန်နိုင်ငံမှ မြန်မာ့အဖိုးတန် ကျောက်မျက်ရတနာများနှင့် ရွှေထည်ဖြင့် ပြုလုပ်ထားသော လက်ဝတ်ရတနာများကို အော်ဒါ အမှာများမြင့်တက်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း (YGEA) ဥက္ကဋ္ဌ ဦးမျိုးမြင့်က ဧရာဝတီသို့ ပြောသည်။ ဂျပန်နိုင်ငံကို ၂ ကြိမ် တင်ပို့ပြီးသွားပြီ။ One Stop Service Center ကနေ တင်ပို့တာ ဖြစ်တယ်။ အော်ဒါတွေတော့ တောက်လျှောက် တက်နေတယ်။ ဒါပေမယ့် ဒီက လက်နဲ့လုပ်တာဆိုတော့ မှာသလောက် မလုပ်ပေးနိုင်ဘူးဖြစ်နေတယ်။ အဲဒီ အမျိုးအစား ၄၅၀ က တရုတ် အယူအဆ၊ ဂျပန် အယူအဆ ဖြစ်တဲ့ လက်စွပ်လေးတွေ၊ နဂါးရုပ်လေးတွေ၊ ကျားရုပ် လေးတွေ လုပ်ပြီး ပြည်တွင်းကနေ ဂျပန်ကိုပို့တာဖြစ်တယ်။ ဒါမျိုးက မြန်မာမှာလည်း ရှိတယ်။ ဖြိုဟ်ပြေနာမ်ပြေ ဝတ်တာလေးတွေ၊

တင်ပို့နေတာပါ” ဟု YGEA ဥက္ကဋ္ဌ ဦးမျိုးမြင့်ကရှင်းပြသည်။ လက်ဝတ်ရတနာများ တင်ပို့ရာတွင် အရည်အသွေးမြင့်သည့် ပတ္တမြားနှင့်ကျောက်စိမ်းများမဟုတ်ဘဲ အရည်အသွေးအတန်အသင့်ရှိသော ကျောက်မျက်များကို ရွေးနှင့်ကွင်း၍ လက်ဝတ်ရတနာပြုလုပ်ကာ တင်ပို့ခြင်းဖြစ်ပြီး လက်ရှိတွင် အမေရိကန်ဒေါ်လာ ၃ သောင်းမှ ၄ သောင်းဖိုးခန့် တင်ပို့ပြီးဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းအနေဖြင့် လက်ရှိတွင် Taw Win Myint Ruby Trading Co., Ltd. နှင့် ချိတ်ဆက်၍ မြန်မာ့ကျောက်မျက်ရတနာ ရွှေထည်ပစ္စည်းအမျိုးအစား ၄၅၀ ခန့်ကို ဂျပန်သို့ ဇူလိုင်လမှစတင်တင်ပို့ခဲ့ပြီး ယခုလအတွင်း ဒုတိယအကြိမ် တင်ပို့ခဲ့ခြင်းဖြစ်သည်။ ရွှေလုပ်ငန်းရှင်လည်းဖြစ်သူ ဦးမျိုးမြင့်က ပတ္တမြားအရိုင်းအညံ့စားပေါ့။ အဲဒါကို အရုပ်လေးတွေလုပ်တာပေါ့။ ကျောက်စိမ်းဆိုရင်လည်း ကျောက်စိမ်းအကာလေးတွေပေါ့။ လက်ဝတ်တန်ဆာ လုပ်ပြီး ရောင်းတာ။ ဈေးလည်းနည်းတော့ ဟိုဘက်က အမှတ်တရပစ္စည်းအနေနဲ့ ဝယ်ကြပြုကြတာဟု ရှင်းပြသည်။ ဂျပန်နိုင်ငံမှ ယခုကဲ့သို့ မြန်မာ့ကျောက်မျက်များ ဝယ်ယူခြင်းသည် လက်မှုပညာကို စိတ်ဝင်စားခြင်းထက် ဈေးနှုန်းနည်းပါးသောကြောင့် ဖြစ်ပြီး မြန်မာနိုင်ငံမှ တန်ဖိုးကျပ် ၂၅၀၀၊ ၃၀၀၀ တန် ကျောက်ကို လက်စွပ်ကွင်းလိုက်ပါက ဂျပန်နိုင်ငံတွင် ဒေါ်လာ ၅၀ မှ ၁၀၀ ကြား ရရှိသည်ဟု သိရသည်။

အစိုးရက ရွှေကို ပြည်ပသို့ တင်ပို့ခြင်း၊ တင်သွင်းခြင်းကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်တွင် တရားဝင် ခွင့်ပြုခဲ့ပြီး ပို့ကုန်၊ သွင်းကုန်အတွက် တနေရာတည်း အပြီးဆောင်ရွက်နိုင်သော One Stop Service စင်တာကို ရန်ကုန်မြို့ ပြည်သူ့ ရင်ပြင်ရှိ Culture Valley ၌ စက်တင်ဘာ ၂၄ ရက်က မြန်မာရွှေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီသို့ လုပ်ကိုင်ခွင့်ပေး ဖွင့်လှစ်ထားပြီးဖြစ်သည်။ လက်ရှိတွင် ရွှေမှာ တရားဝင် တင်ပို့၊ တင်သွင်းခွင့် မရရှိသေးသော်လည်း နယ်စပ် လမ်းကြောင်းများမှတဆင့် မှောင်ခိုအရောင်းအဝယ်လုပ်နေကြကြောင်း၊ ပြည်ပမှရွှေများလည်း ပြည်တွင်းသို့ တင်သွင်းမှုများ ရှိနေပြီး ပမာဏအားဖြင့် မည်၍ မည်မျှရှိသည်ကိုမူ အတိအကျသိရှိနိုင်ရန် အားနည်းနေသေးကြောင်း ဗဟိုဘဏ်မှသိရသည်။

**Source:** https://burma.irrawaddy.com/business/2019/08/10/200487.html

## STOCK EXCHANGE (13.8.2019)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 13th Aug. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,000 | +500 | +4.35% | 11,500 | 12,000 | 11,500 | 8,351 | 98,749,500 | 27,112,747 | 325,353 |
| MTSH | 00002 | 3,550 | +50 | +1.43% | 3,500 | 3,550 | 3,500 | 6,575 | 23,068,000 | 38,929,150 | 138,198 |
| MCB | 00003 | 8,400 | +200 | +2.44% | 8,400 | 8,400 | 8,200 | 794 | 6,649,600 | 10,400,986 | 87,368 |
| FPB | 00004 | 26,000 | +0 | +0.00% | 25,500 | 26,000 | 25,500 | 480 | 12,345,000 | 2,472,053 | 64,273 |
| TMH | 00005 | 3,050 | +150 | +5.17% | 2,900 | 3,050 | 2,900 | 2,016 | 6,142,500 | 12,823,224 | 39,111 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 477.83 | +14.24 | +3.07% | 465.11 | 477.83 | 464.09 | 18,216 | 146,954,600 | 5 | 654,303 |

**Index chart**



## Market Overview

As of 1:00 pm, 13th Aug. 2019

| MYANPIX | 477.83 ▲ 14.24 |
|---|---|
| Total Volume (shares) | 18,216 |
| Total Value (MMK) | 147 mil |
| Listed Company | 5 |
| Market Cap. (MMK) | 654,303 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,000 | ▲ 500 |
| MTSH | 00002 | 3,550 | ▲ 50 |
| MCB | 00003 | 8,400 | ▲ 200 |
| FPB | 00004 | 26,000 | ▲ 0 |
| TMH | 00005 | 3,050 | ▲ 150 |

TIR